# ပညာသင်ဆု

ဂျပန်နိုင်ငံတွင် နိုင်ငံခြား ကျောင်းသားများအတွက် ကျောင်းလခ လွတ်ငြိမ်း၊ လျှော့ပေါ့မှုစနစ်နှင့် ပညာသင်ဆုစသည့် ငွေကြေးဆိုင်ရာ အထောက်အပံ့ပေးသည့် စနစ်အမျိုးမျိုး ရှိပါသည်။ သို့သော်လည်း အောက်ပါ အချက်အလက်များအား သတိပြုစေချင်ပါသည်။

- များသောအားဖြင့် ပညာသင်ဆုများသည် ကျောင်းတက်ပြီးမှ လျှောက်နိုင်ပါသည်။
- ဂျပန်နိုင်ငံတွင် ပညာသင်ကြားသည့်စရိတ်အားလုံးကို ကာမိသည့် ပညာသင်ဆုသည် ရှားသည်။
- အချိန်ပိုင်းအလုပ်လုပ်ပြီး ပညာသင်စရိတ်နှင့် နေထိုင်စရိတ် နှစ်မျိုးကို မပေးနိုင်ပါ။
- ဂျပန်နိုင်ငံသို့ မလာမီ ငွေကြေးစီမံကိန်းကို သေချာ ရေးဆွဲထားပါ။

**!** များသောအားဖြင့် နိုင်ငံခြားသား ကျောင်းသားအတွက် ပေးသည့် ပညာသင်ဆုများသည် နေထိုင်ခွင့်အမျိုးအစား "ပညာတော်သင်" ဖြစ်ရမည်ဟု သတ်မှတ်ချက် ရှိပါသည်။ ဂျပန်နိုင်ငံသားဖြစ်သူနှင့် နေထိုင်ခွင့်အမျိုးအစား "မှီခို" ဖြစ်သူသည် ပညာသင်ဆုလျှောက်ထားခွင့် မရှိတတ်သောကြောင့် သတိထားရမည်။

ထို့အပြင် အချို့ပညာသင်ဆုများသည် အသက်၊ နိုင်ငံသား၊ ဂျပန်နိုင်ငံတွင် တက်ရောက်နေသည့်ကျောင်းနှင့် အထူးပြုထားသော ဘာသာရပ်အပေါ် ကန့်သတ်ချက်များထား၍ အကျိုးခံစားခွင့်ရှိသူကို ကန့်သတ်ထားပါသည်။

## ပညာသင်ဆုအကြောင်း လေ့လာခြင်း

### နိုင်ငံခြားသားကျောင်းများအတွက် ပညာသင်ဆုများ (JASSO)

ⓘ http://www.jasso.go.jp/en/study_j/scholarships/index.html

### 1 မိမိတက်လိုသောကျောင်း၏ စနစ်ကို စုံစမ်းခြင်း

ကျောင်းအများစုတွင် ကျောင်းသား၏ စာမေးပွဲအမှတ်နှင့် ဝင်ငွေပေါ်မူတည်၍ ကျောင်းဝင်ကြေးနှင့် ကျောင်းလခအား လွတ်ငြိမ်းလျှော့ပေါ့ပေးသည့် အစီအစဉ်ရှိသည်။ မိမိတက်လိုသောကျောင်းတွင် ကျောင်းလခ လွတ်ငြိမ်း လျှော့ပေါ့မှု အစီအစဉ် ရှိ မရှိ စုံစမ်းပါ။ တက္ကသိုလ်က စီစဉ်ထားသည့် ပညာသင်ဆုများကို JASSO ဝက်ဘ်ဆိုက်ပေါ်တွင်လည်း လေ့လာနိုင်ပါသည်။

### 2 ဂျပန်အစိုးရနှင့် ပုဂ္ဂလိကအသင်းများ၏ ပညာသင်ဆုများ စုံစမ်းခြင်း

ကျောင်းကစီစဉ်ထားသည့် ပညာသင်ဆုများအပြင် အခြား ပညာသင်ဆုများလည်း ရှိပါသည်။

"နိုင်ငံခြားသား ကျောင်းသားများအတွက် ပညာသင်ဆုများလမ်းညွှန်" တွင် အောက်ပါ ပညာသင်ဆုဆိုင်ရာ အချက်အလက်များကို ဖော်ပြထားသည်။

- ဂျပန်နိုင်ငံအစိုးရ (ပညာရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့် နည်းပညာဝန်ကြီးဌာန) ပညာသင်ဆု
- ဂျပန်နိုင်ငံကျောင်းသားများထောက်ပံ့ရေးအသင်း (JASSO) ပညာသင်ဆု
- ဒေသန္တရအစိုးရ နိုင်ငံတကာ ကူးလူးဆက်ဆံရေးအသင်းများ ပညာသင်ဆု
- ပုဂ္ဂလိက ပညာသင်ဆု အသင်းများ ပညာသင်ဆု
- ဂျပန်နိုင်ငံသို့ မလာမီ လျှောက်နိုင်သော ပညာသင်ဆုများ




### နိုင်ငံခြားသားကျောင်းသားများအတွက် ပညာသင်ဆုလမ်းညွှန် "ဂျပန်ဘာသာ၊ အင်္ဂလိပ်ဘာသာ"

※ ဤလက်ကမ်းစာစောင်တွင် ဂျပန်နိုင်ငံတွင်ရှိသော ပညာသင်ဆုအားလုံးကို ဖော်ပြထားခြင်း မရှိပါ။
ထုတ်လုပ်သူ : Japan Student Service Organization（JASSO）

ⓘ http://www.jasso.go.jp/en/study_j/scholarships/brochure.html

အောက်ပါဝက်ဘ်ဆိုက်တွင်လည်း ပညာသင်ဆုများကို စုံစမ်း လေ့လာနိုင်သည်။

**JAPAN STUDY SUPPORT** ⓘ http://www.jpss.jp/en/scholarship/

### 3 ဂျပန်အစိုးရ (ပညာရေး၊ ယဉ်ကျေးမှု၊ အားကစားသိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန) ပညာသင်ဆုအကြောင်းကို လေ့လာခြင်း

သင့်နိုင်ငံရှိ ဂျပန်သံရုံး၊ ကောင်စစ်ဝန်ရုံး၏ ဝက်ဘ်ဆိုက်တွင် ရှင်းပြထားပါသည်။ ဂျပန်နိုင်ငံအစိုးရ (ပညာရေး၊ ယဉ်ကျေးမှု၊ အားကစားသိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန) ပညာသင်ဆုကို "နိုင်ငံခြားကျောင်းသားများအတွက် ပညာသင်ဆုလမ်းညွှန်" အပြင် "ဂျပန်နိုင်ငံတွင် ပညာသင်ကြားခြင်းလမ်းညွှန်" တွင်လည်း အစီအစဉ် အကျဉ်းချုပ် နှင့် ယခင်က စာမေးပွဲ မေးခွန်းဟောင်းများကို ဖော်ပြထားသည်။

ဂျပန်နိုင်ငံတွင် ပညာသင်ကြားခြင်း လမ်းညွှန်

ⓘ http://www.studyjapan.go.jp/en/index.html

### 4 အထက်ပါ ပညာသင်ဆုများအပြင် မိမိနိုင်ငံ၏ ပညာသင်ဆု၊ ကမ္ဘာ့ဘဏ် စသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ ပေးသည့် ပညာသင်ဆုအကြောင်းကိုလည်း လေ့လာပါ။

## ပညာသင်ဆုအထွက် စုံစမ်းလေ့လာခြင်း

### 1 ဂျပန်နိုင်ငံသို့မလာမီ လျှောက်ထားရသော ပညာသင်ဆု

Japanese Government (Monbukagakusho :MEXT) Scholarship မေးမြန်းစုံစမ်းရန် အနီးဆုံးပြည်ပအခြေစိုက်ဂျပန်သံတမန်ရေးရာရုံး
※အချို့သောနိုင်ငံများတွင် မိခင်နိုင်ငံ၏ အစိုးရအဖွဲ့အစည်းများသည် ဆက်သွယ်စုံစမ်းရန်နေရာ ဖြစ်သည်။

| အကျုံးဝင်ကျောင်းသားများ | Monthly stipend (FY 2016) | | Reference |
|---|---|---|---|
| Young Leaders' Program (YLP) ကျောင်းသား | JPY 242,000 | | 2,123 ဒေါ်လာခန့် |
| သုတေသနကျောင်းသား | ဘွဲ့မရသည့်ကျောင်းသား | JPY 143,000 | 1,254 ဒေါ်လာခန့် |
| | မဟာဘွဲ့တန်း | JPY 144,000 | 1,263 ဒေါ်လာခန့် |
| | ပါရဂူဘွဲ့တန်း | JPY 145,000 | 1,272 ဒေါ်လာခန့် |
| နည်းပြသင်တန်းကျောင်း | JPY 143,000 | | 1,254 ဒေါ်လာခန့် |
| တက္ကသိုလ်ကျောင်းသား၊ နည်းပညာကျောင်းသား | JPY 117,000 | | 1,206 ဒေါ်လာခန့် |

※ သင်ကြား၊သုတေသနပြုနေသောနယ်ပယ်အလိုက်ပညာသင်ဆုကိုထပ်ဆောင်းရရှိနိုင်သည်။

### 2 Reservation Program for Monbukagakusho Honors Scholarship for Privately Financed International Students

ဂျပန်တက္ကသိုလ် ဝင်ခွင့်စာမေးပွဲ (EJU) တွင် စာမေးပွဲအမှတ်ကောင်းပြီး ဂျပန်နိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်၊ နည်းပညာကောလိပ် (၃ တန်း အထက်) သို့မဟုတ် အသက်မွေးပညာသင်ကျောင်း တစ်ခုခုတွင် အမြဲတမ်းကျောင်းသားအဖြစ် ပညာသင်ကြားသွားမည့် မိမိ အစီအစဉ်ဖြင့် ပညာသင်စရိတ်ကျခံသည့် နိုင်ငံခြားသားကျောင်းသားအသစ်အတွက် ပေးသည့် ပညာသင်ဆုဖြစ်သည်။
စုံစမ်းရန် : Japan Student Service Organization (JASSO)

http://www.jasso.go.jp/en/study_j/scholarships/scholarship/shoureihi/yoyakuseido/index.html

Monthly stipend (FY 2017) : JPY 48,000 (Approx US$ 410)

### 3 Student Exchange Support Program(Scholarship for short-term Study in Japan)

ဂျပန်နိုင်ငံတွင် ပညာသင်ကြားမည့်ကာလသည် ၈ ရက် အထက် ၁ နှစ် အတွင်း ဖြစ်သည့် တက္ကသိုလ်ကျောင်းသားများ ဖလှယ်ရေးဆိုင်ရာ သဘောတူညီချက်အရ ပညာသင်ကြားနေသည့် ကျောင်းသားအတွက် ပေးသည့်ပညာသင်ဆု ဖြစ်သည်။
စုံစမ်းရန် : မိမိနိုင်ငံတွင် ယခုတက်ရောက်နေသည့် တက္ကသိုလ်
Monthly stipend (FY 2017) : JPY 80,000 (Approx US$ 702)

### 4 ကျောင်းအစီအစဉ်ဖြင့် အကျိုးခံစားခွင့်ပေးသည့် ပညာသင်ဆု၊ ကျောင်းလခ လွတ်ငြိမ်း၊ လျှော့ပေါ့မှုအစီအစဉ်

တက်ရောက်မည့်ကျောင်းမှ အကြောင်းကြားလိမ့်မည်။ ညွှန်ကြားလာသည့်အတိုင်း ဆောင်ရွက်ပါ။

### 5 ဒေသန္တရအစိုးရနှင့် ပုဂ္ဂလိကအသင်းများ၏ ပညာသင်ဆုများ

များသောအားဖြင့် ပညာသင်ဆုချီးမြှင့်သည့် အသင်းများအား တိုက်ရိုက်လျှောက်ရမည်။ ကျောင်းတက်ခွင့်ရပြီးမှ တက်ရောက်မည့်ကျောင်းမှ တဆင့် လျှောက်သည့်အခါလည်း ရှိသည်။

## ဂျပန်နိုင်ငံသို့ ရောက်ပြီးမှ လျှောက်နိုင်သည့် ပညာသင်ဆု

### 1 Japanese Government(Monbukagakusho:MEXT) Scholarship

စုံစမ်းရန် – ဂျပန်နိုင်ငံတွင် မိမိတက်ရောက်နေသည့်ကျောင်း

| အကျုံးဝင်ကျောင်းသားများ | Monthly stipend (FY 2016) | | Reference |
|---|---|---|---|
| သုတေသနကျောင်းသား | မဟာဘွဲ့တန်း | JPY 144,000 | 1,263 ဒေါ်လာခန့် |
| | ပါရဂူဘွဲ့တန်း | JPY 145,000 | 1,272 ဒေါ်လာခန့် |

※ သင်ကြား၊သုတေသနပြုနေသောနယ်ပယ်အလိုက်ပညာသင်ဆုကိုထပ်ဆောင်းရရှိနိုင်သည်။

### 2 Reservation Program for Monbukagakusho Honors Scholarship for Privately Financed International Students

စုံစမ်းရန် – ဂျပန်နိုင်ငံတွင် မိမိတက်ရောက်နေသည့်ကျောင်း

| အကျုံးဝင်ကျောင်းသားများ | Monthly stipend (FY 2017) | Reference |
|---|---|---|
| ဘွဲ့လွန်တက္ကသိုလ် (မဟာဘွဲ့တန်း၊ ပါရဂူဘွဲ့တန်း)၊ သုတေသနကျောင်းသား (ဘွဲ့လွန်တက္ကသိုလ်အဆင့်) တက္ကသိုလ် ကောလိပ် နည်းပညာကောလိပ် (၃ တန်း အထက်) အသက်မွေးဝမ်းကျောင်းများ နိုင်ငံခြားသားကျောင်းသား အထူးတန်း၊ အထူးပြုသင်တန်း ပညာရေးကြိုတင်ပြင်ဆင်မှု သင်တန်းကျောင်း | JPY 48,000 | 421 ဒေါ်လာခန့် |
| ဂျပန်စာသင်တန်းကျောင်း | JPY 30,000 | 263 ဒေါ်လာခန့် |

### 3 ကျောင်းအစီအစဉ်ဖြင့် အကျိုးခံစားခွင့်ပေးသည့် ပညာသင်ဆု၊ ကျောင်းလခ လွတ်ငြိမ်း၊ လျှော့ပေါ့မှုအစီအစဉ်

စုံစမ်းရန် – ဂျပန်နိုင်ငံတွင် မိမိတက်ရောက်နေသည့်ကျောင်း

### 4 ဒေသန္တရအစိုးရနှင့် ပုဂ္ဂလိကအသင်းများ၏ ပညာသင်ဆုများ

စုံစမ်းရန် – ဂျပန်နိုင်ငံတွင် မိမိတက်ရောက်နေသည့်ကျောင်း သို့မဟုတ် ပညာသင်ဆု ချီးမြှင့်သည့်အသင်း
နိုင်ငံခြားသားကျောင်းသားများအတွက် ပေးသည့် ပညာသင်ဆုများအတွင်း ဂျပန်နိုင်ငံသို့ မလာမီ လျှောက်နိုင်သည့် ပညာသင်ဆုထက် ရောက်လာပြီးမှ လျှောက်နိုင်သည့် ပညာသင်ဆုက ပိုများသည်။ များသောအားဖြင့် မိမိတက်နေသည့် ကျောင်းမှ တစ်ဆင့် လျှောက်ရမည်။